

ဟိန်းလတ်

# မင်္ဂလာရှိသော အိမ် ခြံ မြေ
# ရွေးနည်းပညာ

# အမှာစာ

လူတိုင်းပင် မြေကြီးပေါ်တွင် အိမ်ဆောက်၍ နေကြသည် ။ ထို့ကြောင့်လူတိုင်းပင် အိမ်ခြံမြေနှင့်မကင်းပါ။ ထို့ကြောင့် မြေနှင့်အိမ်သည် လူအတွက် အရေးကြီးပါသည် ။ အိမ်ဆောက်သည့်မြေအမျိုးအစားရွေးပုံ၊ အိမ်ဆောက်သင့်သည့်ကာလ၊ အိမ်တစ်အိမ်၏ ဖွဲ့စည်းပုံ၊ အိမ်ကျက်သရေမင်္ဂလာရှိအောင် ပြုလုပ်ပုံတို့မှာ အလေး ထားအပ်သောကိစ္စများ ဖြစ်ပါသည် ။ ဤအိမ်ရောက်၍ စီးပွားတက်သည် ။ ဤအိမ်ဝယ်ပြီး မှ စီးပွားပျက်သည် ။ ခိုက်သည် ဆိုသော အယူအဆများ ရှိကြပါသည် ။ မြန်မာရိုးရာ အရပ်ရှစ်မျက်နှာကို "ပရိဝါရအာယုနဂရဘုမ္မိ" ဟူ၍ ခွဲခြားသတ်မှတ်ထားခြင်းရှိပါသည် ။ မိမိ၏ မွေးနံအရပ်ကို "ပရိဝါရ" အရပ်ဟု ခေါ်သည် ။ " ပရိဝါရနေအပ်လှ" ဟူ သောဆိုရိုး နှင့် အညီ ပရိဝါရအရပ်တွင် အိမ်ဆောက်နေထိုင်လျှင် မင်္ဂလာရှိ၏ ။ အမြဲမနေနိုင်သည် ထားဦး ကျန်းမာဂေးချို့ယွင်းလျှင်ပင် ပရိဝါရအရပ်တွင် အနားယူအပန်းဖြေရ၏ ။ အလုပ်အကိုင်အကြံအစည်ပြုလျှင် ပရိဝါရ အရပ်တွင် နေထိုင်ပြီး နေထိုင်ပြီးကြံစည်ရ၏ ။ ယုတ်စွအဆုံး စိတ်လက်မရွှင်ပြလျှင်ပင် ပရိဝါရအရပ်တွင် ခေတ္တ နေထိုင်ပြီးမှ စတင်ဆောင်ရွက်လျှင် လုပ်ငန်းအဆင်ပြေ၏ ။ ပရိဝါရအရပ်တွင် ဘုရားစင် ထားသင့်၏ ။ သစ်ပင်စိုက် သင့်၏ ။ ထို့အတူ ခေါင်းမလျှော်ဂု။ ရေတွင်းမတူးရ။ လယ်ယာ မလုပ်ရ။

“ပရိဝါရအရပ်” ကို ပုံသေနည်းအရ တွက်၍ ရပါသည် ။

တနင်္ဂနွေသားသမီး -အရှေ့မြောက်

တနင်္လာသားသမီး-`အရှေ့

အင်္ဂါသားသမီး-အရှေ့တောင်

ဗုဒ္ဓဟူး(နံနက်ပိုင်း) သားသမီး-တောင်

ဗုဒ္ဓဟူး(ညနေပိုင်း)သားသမီး-အနောက်မြောက်

ကြာသပတေးသားသမီး-အနောက်

သောကြာသားသမီး-မြောက်

စနေသားသမီး-အနောက်တောင်

“ပရိဝါရ” ကဲ့သို့ပင် “အာယု” အရပ်လည်း ရှိ၏ ။ အသက်ရှည်အောင်၊ ကျန်းမာ အောင် ဆောင်ရွက်ရသော အရပ်ဖြစ်သည် ။

ထို့ အ တူ “နဂရ” အရပ်လည်း ရှိသည် ။ “နဂရ” မှာ အများနှင့်ဆိုင်သော အရပ်ဖြစ် သည် ။ “န ဂ ရ မှာ မြို့ရွာတည်ဘိ” ဟူသော ဆိုဂိုုးအတိုင်း မြို့ရွာတည်သင့်သောအရပ်ဖြစ်သည် ။

နောက်တစ်ခုမှာ “ ဘုမ္မိ” ဖြစ်၏ ။ “ဘုမ္မိ” အရပ်ကား ရှောင်အပ်၏ ။ ထိုအရပ်တွင် မင်္ဂလာကိစ္စမပြုရ၊ အညစ်အကြေးစွန့်ပစ်ရ၏ ။ ခြေသည်းလက်သည်းများကို ဘုမ္မိအရပ်တွင် စွန့်ပစ်ခြင်းဖြင့် ကျန်းမာရေးကောင်း မည်။ အခက်အခဲပြေလည်မည်ဟု အဆိုရှိ၏ ။

“ဂဟပတိ” အရပ်တွင် ကား စားရေရိက္ခာသိုလှောင်ရ၏ ။ ဦးခေါင်းဆေးမင်္ဂလာပြုရသည် ။

ထို့အတူ ဘုန်းတန်ခိုးအရှိန်အဝါအတွက် “တေဇ” အရပ်၊ နေရာဌာနတည်မြဲစေလိုလျှင် “ဌာန” အရပ်၊ ကျက်သရေတိုးလျှင် “သီရိအရပ်၊ ဤသည် မှာ မြန်မာ့ရိုးရာ အိမ်မြေပညာဖြစ်သည် ။

ထို့အပြင် မြေအေကာင်အဆင်း ၊ မြေအနံ့တို့ ကို ပြသော “လောကဟိတရာသီကျမ်း” သည် လည်း ရှေးကပင်ရှိ၏ ။ “ လောကဟိတဂမ္ဘိဂု” ကျမ်းတွင် လည်း စည်မျက်နှာရှိသော မြေ၊ အိုးမှောက်သကဲ့သို့ ပုံစံရှိသော မြေ၊ နွားနို့ရောင်မြေ၊ ဆင်အေကာင်မြေ စ သ ည့် ဖြ င့် လ ည်း ခွဲခြားပြသထား၏ ။ မည်သည့်မြေတွင် အိမ်ဆောက်လျှင် စီးပွားတက်မည်။ မည်သည့်မြေတွင် အိမ်မဆောက်အပ် ဟူ၍ အသေးစိတ်ပြဆိုထား၏ ။

အိမ်ဆောက်ရန်အတွက် မြေခံကောင်းသောရက်တွက်နည်းများ လည်း ရှိ၏ ။ လက်သမား မြေခံရက်များ လည်း ရှိသည် ။ အိမ်ဆောက်မည့်သူ၊ ပန္နက်ရိုက်မည့်သူ၊ ပန္နက်ကြိုး ကိုင်မည့်သူများ လ ည်း ခွဲခြားထားသည် ။ အိမ်တိုင် တွင်းတူးဂုန် နဂါးလှည့်များမှ အစ တိုင်ထူရန် အရပ်၊ တိုင်ထိပ်မှာ ဆွဲရသောပန်း ထုပ်နှင့် ယျောက်တို့ ၏ အတိုင်းအတာအရှည်၊ အိမ်ဆောက် ရန်ကောင်းသောသစ်၊ ရှောင်ရန်သစ်တို့ အလယ် အိမ်သစ်တက်မင်္ဂလာအဆုံး မြန်မာ့ရိုးရာ အိမ်ဆောက်မင်္ဂလာကျမ်းများ အဖြစ်ထင်ရှားပါသည် ။

ကြမ်းအပြေး၊ ခေါင်အပြေးနှင့်လှေကားအပြေး တူညီစေဂုမည်။ အခန်းမကျော်ရ၊ လှေကားအတက်၌ ခေါင်ရိုးအပြေး၊ လှေကားအပြေး၊ ကြမ်းအပြေး ညီစေရမည်ဆိုသည့် မြန်မာရိုးရာ လက်သမားကျမ်းများ လည်း ရှိ၏ ။

ယ ခု စာ အု ပ် တွ င် တင်ပြလိုသည် မှာ ကား

'ကမ္ဘာသုံးအိမ်ခြံမြေရွေးနည်းပညာ' (ဂေဟဝိဇ်ိ) ဖြစ်သည် ။ စိန ခေါ် တရုတ်ရိုးရာနည်းများ လည်း ပါ၏ ။ 'မဇ္ဈိမ' ခေါ်အိန္ဒိယရိုးရာနည်းမှာ လ ည်း ပါ၏ ။ ကျွန်တော်တို့ မြန်မာရောဂတိ ယဉ်ကျေးမှုသည် အိန္ဒိယ၏ အိန္ဒိယဉ်ကျေးမှု ၊ တရုတ်၏ မြစ်ဝါယဉ်ကျေးမှုတို့ တွင် မြစ်ဖျားခံသော သမိုင်းအထောက် အထားများ ရှိ၏ ။ ဤစာအုပ် တွင် ရှင်းလင်းသော သရုပ်ပြပုံပေါင်း (၂၀၀) ကျော်ဖြင့် 'မင်္ဂလာရှိသော အိမ်ခြံမြေရွေးနည်းပညာ' ကို ရှင်းလင်းတင်ပြထားပါသည် ။

အိ မ် ဆော က် ပြီး မှ ကိဋ္ဌန ခေါ် စိုးရိမ်ကြောင့်ကြစိတ်မျိုးဖြင့် မပူပန်ဂုလေစေဂုန် အိမ်မဆောက်မီကတည်းက 'မင်္ဂလာရှိသော အိမ်ခြံမြေရွေးမှု' ကို ဆောင်ရွက်သင့်ပါသည် ။

ဤစာအုပ်ပါ ' ဂေဟဝိဇ်ိ' နည်းများကို အသုံးပြု၍ စာဖတ်သူတိုင်း စိ တ် ၏ ချမ်းသာခြင်း ၊ ကိုယ်၏ ချမ်းသားခြင်း ပြည့်ဂစွာဖြင့် မိမိကောင်းကျိုး၊ အများကောင်းကျိုးကို ဆောင်ရွက်နိုင်ပြီး မင်္ဂလာရှိစွာဖြင့် ချမ်းသာ ရွှင်လန်းရှိနိုင်ကြပါစေသတည်း။

**ဟိန်းလတ်**

* * *

အခန်း (၁)

# မြေရာဇဝင်ကို သိထားရမည်

ဤကျမ်းကသင့်အား မည်သို့ အကူအညီပေးမည်နည်း။

'အိမ်ခြံမြေရွေးနည်းပညာ' (ဂေဟဝိဓိ) ၏ အခြေခံမှာ -

(၁) နေရာဒေသရှိ အကျိုးပြုဓာတ်ကို ထိန်းသိမ်းရန်၊

(၂) ပြင်ပမှ ကောင်းသောဓာတ်ကို မိမိနေရာသို့ မည်သို့ရယူနိုင်မည်ကို သိရှိဖော်ထုတ် ရန်၊

(၃) အိမ်တွင် နေထိုင်သူအသီးသီး မည်သည့်နေ့ရက်၊ အချိန်ကာလတွင် မည်သည့်နေရာ ၌ နေထိုင်ခြင်းဖြင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ပိုကောင်းမည်ဆိုသည် ကို အတိအကျ တွက်ချက်ပေးရန်၊

ဂေဟဝိဓိပညာအရ ပထမဆုံးအရေးပါသည့်လုပ်ရပ်မှာ မြေကွက်၏ သမိုင်းကြောင်းကို သိရှိနားလည်အောင် စုံစမ်းခြင်းဖြစ်သည် ။

အောက်ပါမြေနေရာများကို ရှောင်ရှားရမည်။

(၁) ယခင် ဆေးရုံလုပ်ခဲ့သောနေရာ၊

ဤနေရာတွင် မမာမကျန်းနှင့် သေဆုံးမှုဓာတွေ ပျံ့နှံ့နေတတ်သည် ။ (ပုံ - ၁)

(၂) ယခင် သားသတ်ရုံဟောင်းမြေနေရာ၊

ကြောက်ရွံ့မှု၊ စိတ်ပျက်အားငယ်မှုစွမ်းအားတွေ ပျံ့နှံ့နေတတ်၏ (ပုံ - ၂ )

(၃) ယခင်ဘုရား၊ကျောင်းကန်နေရာ၊

မိမိထက် ဓာတ်မြင့်သော ဝိညာဉ်များ ရှိနိုင်၍ မိမိအဖို့ ခိုက်နိုင်၏ ။ ( ပုံ - ၃)

(၄) ယခင် ရဲဌာနဟောင်းနေရာ၊

ခံစားမှုဝေဒနာတွေ ၊ ဒေါသတွေ လွှမ်းမိုးနေတတ်၏ ။ (ပုံ - ၄)

အထက်ဖော်ပြပါ နေရာများ တွင် မကောင်းသော ဓာတ်တွေပျံ့နှံ့တည်ရှိနေ တတ်၏ ။ ထိုဓာတ် သည် ၄င်းနေရာတွင် နေထိုင်သူကို ကျန်းမာရေးနှင့် ကံကောင်းမှု ပျက်စီးစေတတ်၏ ။

မီးလောင်မြေပေါ်တွင် လည်း အိမ်ချက်ချင်းဆောက်မနေသင့် ၊ အဘယ်ကြောင့် ဆိုသော် ယခင်က ရှိခဲ့သော အကောင်းဓာတ်တွေ အားလုံးမီးထဲပါပြီး ပျက်စီးသွား တတ်၍ ဖြစ်၏ ။ တတ်နိုင်လျှင် အပေါ်ယံ မြေကို တစ်တောင်လောက်တူးပြီး မြေလှန် ပစ်သင့်သည် ။ ပြီးမှ မင်္ဂလာရှိသောမြေနေရာမှ မြေများကိုယူ အပေါ်ယံတွင် ပြန်ဖို့ ပေးသင့်သည် ။ ထိုသို့လုပ်ပြီး မြေသန့်အောင်လုပ်ပြီး အိမ်ပြန်ဆောက်နိုင်သည် ။

မြေလျှောင်ကြော အနီးတွင် နေထိုင်သူများ သည် လည်း နားလည်သူများကို တိုင်ပင်တွက်ချက်ပြီး ပြောင်းသင့်က ထိုနေရာမှ ပြောင်းရမည်။ မြေလျှောင်လှုပ်တတ်သည့် နေရာတွင် နေထိုင်သူ ခိုက်တတ်တာ များ ၏ ။ ကောင်းတာက မြေလျှောင်လှုပ်ပြီး

အပျက်အစီးများ သော နေရာမျိုးတွင် မည်မျှ ဈေးချောင်ပါစေ၊ အိမ်မဆောက်နေသင့်။

* * *